## ၂၀၂၀ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ၆ လတာ

## ငွေကြေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ်

## စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်၊ စိစစ်လေ့လာချက်များ

## စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်နှင့် စိစစ်လေ့လာချက်များ (MD & A)

ယခုတင်ပြသည့် မြန်မာနိုင်ငံသားများဘဏ်လီမိတက် ("ကုမ္ပဏီ" သို့မဟုတ် "MCB") ၏ ငွေကြေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ် စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်နှင့် စိစစ်လေ့လာချက်များ ("MD&A") အား ၂၀၂၀ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ၆ လတာအတွက် ပြုစုထားသော ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဆက်စပ်ဖတ်ရှုရန် ဖြစ်သည်။ ဤဘဏ္ဍာရေးရှင်းတမ်းများအား မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံစာရေးနည်း စံချိန်စံညွှန်းများ (MFRS) နှင့်အညီ ပြင်ဆင်ထားပါသည်။ ယခု MD&A တွင် ပါရှိသော ငွေကြေးပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။

## ဘဏ်၏အချက်အလက်များ

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် ၁၉၉၁ ခုနှစ်၊ စက်တင်ဘာ (၃၀) ရက်နေ့ရက်စွဲပါ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြောင်းကြားစာအမှတ် ၂၁/၉၁၊ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာ (၃၀) ရက်နေ့ရက်စွဲပါ အဖွဲ့အစည်း တည်ထောင်ခွင့် အသိအမှတ်ပြုလက်မှတ် အမှတ် ၂၇၄/၉၁-၉၂ တို့နှင့်အညီ အများပိုင်ကုမ္ပဏီတစ်ခုနေနှင့် ဖွဲ့စည်းတည်ထောင်ထားပြီး၊ နိုင်ငံတော်၏ လိုင်စင်ရ ပုဂ္ဂလိကပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခု ဖြစ်ပါ သည်။ ဘဏ်၏ ခွင့်ပြုမတည်ငွေမှာ ၇၅ ဘီလီယံဖြစ်ပြီး၊ ရှယ်ယာရှင်များမှ မတည်အစုမှာ ၅၂ ဘီလီယံ ဖြစ် သည်။ မြန်မာနိုင်ငံသားများဘဏ်၏ ရုံးချုပ်သည် အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**
**အရှုံးအမြတ်စာရင်းအချုပ်**

**ကျပ်သန်းပေါင်း**

| အသေးစိတ်ဖော်ပြချက်များ | ၆ လတာအချိန်ကာလ | | အတက်/(အကျ) | |
|---|---|---|---|---|
| | ၃၁.၃.၂၀၂၀ (စစ်ဆေးပြီး) | ၃၁.၃.၂၀၁၉ (စစ်ဆေးပြီး) | ပမာဏ | % |
| Interest Income | ၂၃,၁၁၁.၀၈ | ၁၇,၉၂၂.၅၅ | ၅,၁၈၈.၅၃ | ၂၉% |
| Interest Expense | (၁၇,၄၇၇.၄၇) | (၁၂,၃၅၁.၇၉) | (၅,၁၂၅.၆၈) | ၄၁% |
| **Net Interest Income** | **၅,၆၃၃.၆၁** | **၅,၅၇၀.၇၆** | **၆၂.၈၅** | **၁%** |
| Other Income | ၁,၉၁၀.၆၂ | ၃,၅၃၂.၇၀ | (၁,၆၂၂.၀၈) | -၄၆% |
| **Total Revenue** | **၇,၅၄၄.၂၃** | **၉,၁၀၃.၄၆** | **(၁,၅၅၉.၂၃)** | **-၁၇%** |
| **Total Expense** | **(၆,၉၃၆.၂၆)** | **(၆,၇၂၈.၇၈)** | **(၂၀၇.၄၈)** | **၃%** |
| **Profit before Income Tax** | **၆၀၇.၉၇** | **၂,၃၇၄.၆၈** | **(၁,၇၆၆.၇၁)** | **-၇၄%** |

မြန်မာနိုင်ငံသားများဘဏ်လီမိတက်
လက်ကျန်ရှင်းတမ်းဖော်ပြချက်အချုပ်

ကျပ်သန်းပေါင်း

| Assets | Balance Sheet as at | | အတက်/ (အကျ) | |
|---|---|---|---|---|
| | ၃၁.၃.၂၀၂၀ (စစ်ဆေးပြီး) | ၃၀.၉.၂၀၁၉ (စစ်ဆေးပြီး) | ပမာဏ | % |
| Cash in Hand & Bank | ၇၈,၇၁၆.၉၅ | ၇၈,၀၄၉.၅၁ | ၆၆၇.၄၄ | ၁% |
| Loans & Advances | ၃၃၂,၂၅၆.၆၅ | ၃၁၅,၂၉၈.၄၀ | ၁၆,၉၅၈.၂၅ | ၅% |
| Investment & T-Bond | ၁၀၈,၅၇၆.၂၃ | ၁၀၃,၇၉၅.၉၅ | ၄,၇၈၀.၂၈ | ၅% |
| Property & Equipment | ၁၆,၀၉၇.၇၂ | ၁၅,၅၆၉.၄၈ | ၅၂၈.၂၅ | ၃% |
| Intangible Assets | ၃,၇၄၁.၃၃ | ၃,၄၈၃.၁၅ | ၂၅၈.၁၈ | ၇% |
| Other Assets | ၁၅,၁၂၂.၇၉ | ၉,၁၂၁.၄၇ | ၆,၀၀၁.၃၂ | ၆၆% |
| **Total Assets** | **၅၅၄,၅၁၁.၆၇** | **၅၂၅,၃၁၇.၉၆** | **၂၉,၁၉၃.၇၂** | **၆%** |
| | | | | |
| **Liabilities** | | | | |
| Deposit from Customer | ၄၆၃,၅၈၅.၆၄ | ၄၃၄,၀၄၅.၃၃ | ၂၉,၅၄၀.၃၁ | ၇% |
| Other Liabilities | ၁၉,၈၃၅.၇၄ | ၁၅,၄၅၂.၃၆ | ၄,၃၈၃.၃၈ | ၂၈% |
| Borrowings | | ၁,၀၀၀.၀၀ | (၁,၀၀၀) | -၁၀၀% |
| **Total Liabilities** | **၄၈၃,၄၂၁.၃၈** | **၄၅၀,၄၉၇.၆၉** | **၃၂,၉၂၃.၆၉** | **၇%** |
| **Equity** | | | | |
| *Share Capital | ၅၇,၁၂၄.၆၆ | ၅၇,၁၂၄.၆၆ | - | ၀% |
| Reserves | ၁၃,၁၃၇.၀၀ | ၁၃,၀၁၅.၄၁ | ၁၂၁.၅၉ | ၁% |
| Retained earnings | ၈၂၈.၆၃ | ၄,၆၈၀.၁၉ | (၃,၈၅၁.၅၆) | -၈၂% |
| **Total Equity** | **၇၁,၀၉၀.၂၉** | **၇၄,၈၂၀.၂၆** | **(၃,၇၂၉.၉၇)** | **-၅%** |
| **Total Liabilities & Equity** | **၅၅၄,၅၁၁.၆၇** | **၅၂၅,၃၁၇.၉၆** | **၂၉,၁၉၃.၇၂** | **၆%** |

* မြန်မာကုမ္ပဏီများဥပဒေ ၂၀၁၇ အရ par value ဖော်ပြရန်မလိုအပ်သည့်အတွက် share premium နှင့် ပေါင်း၍ ဖော်ပြထားပါသည်။

## လုပ်ငန်းအခြေအနေနှင့် တိုးတက်မှု

ယခုဘဏ္ဍာနှစ်၏ ပထမနှစ်ဝက်အတွင်း နိုင်ငံ၌ စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်စေခဲ့သည့် COVID ရောဂါ စတင်ဖြစ်ပွားမှုအဆင့်များအပါအဝင် ခက်ခဲသော၊ အပြိုင်အဆိုင်များသော အခြေအနေတစ်ရပ်တွင် ဘဏ်၏ တိုးတက်မှုနှုန်း ကျဆင်းခဲ့သော်လည်း အရှိန်အဟုန်မပျက် တိုးတက်ဆဲဖြစ်သည်။ ဘဏ်အနေနှင့် နိုင်ငံရှိ ဦးဆောင်ဘဏ်များထဲမှတစ်ခု ဖြစ်လာစေရေးအတွက် ဘဏ်ဝန်ထမ်းများ၊ ထုတ်ကုန်များ၊ လုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံနှင့် စနစ်များတွင် ရင်းနှီးမြှုပ်နှံမှုပြု၍

အသွင်းပြောင်းလဲရေးခရီးစဉ်ကို စတင်ခဲ့ပြီ ဖြစ်ပါသည်။ အသွင်ပြောင်းလဲမှုကြောင့် ထပ်တိုးရင်းနှီးမြှုပ်နှံမှုများနှင့် မဖြစ်မနေ ကုန်ကျမှုများ ရှိခဲ့သော်လည်း နောင်လာမည့်နှစ်နှစ်တွင် ကနဦးရလဒ်များအား တွေ့မြင်ရတော့မည် ဖြစ်သည်။

**အသားတင်အတိုးရငွေ -** အတိုးရငွေနှင့် အတိုးပေးငွေ နှစ်ရပ်လုံးသည် ယခင်ဘဏ္ဍာနှစ်၏ အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသာစွာ ၂၉% နှင့် ၄၁% အသီးသီး တိုးတက်ခဲ့ပါသည်။ ချေးငွေတိုးများမှုထက် အပ်ငွေ ပိုမို တိုးများလာခြင်းနှင့်အတူ အတိုးပေးငွေ ပိုများလာရခြင်းကြောင့် အသားတင်အတိုးရငွေ ကျဆင်းခဲ့ပြီး၊ net interest margin အား နည်းပါးစေခဲ့သည်။ သို့သော် အပ်ငွေတိုးများလာခြင်းသည် ဘဏ်၏အနာဂတ် တိုးတက် ကောင်းမွန်စေမည့် အရိပ်လက္ခဏာဖြစ်သည့် customer များ၏ ယုံကြည်မှု၊ စိတ်ချမှု ပိုမိုရရှိလာကြောင်း ဖော်ညွှန်းနေခြင်းပင် ဖြစ်သည်။ အပ်ငွေများ၏ အဓိကပမာဏတစ်ရပ်သည် Savings နှင့် Term Deposit များကဲ့သို့ အတိုးနှုန်းပိုများသည့် အပ်ငွေများ ပါဝင်နေသည့်အတွက်ကြောင့်လည်း အတိုးပေးငွေများအပေါ် သက်ရောက်မှုရှိပါသည်။

**အဖိုးအခနှင့် ကော်မရှင်ဝင်ငွေများ -** အခြားဝင်ငွေအနေနှင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပထမ ၆ လတာ ကာလ အတွင်း ၄၆% ဖြင့် သိသိသာသာ ကျဆင်းခဲ့ပါသည်။ ချေးငွေထုတ်ပေးမှု ကျဆင်းခြင်းသည် အဖိုးအခနှင့် ကော်မရှင်ဝင်ငွေများအပေါ်တွင် သက်ရောက်မှုရှိပြီး client များအတွက် ကော်မရှင်ကောက်ခံမှု ပုံစံပြောင်းလဲခြင်း နှင့် upfront fee များဆိုင်ရာ recognition တွင် ပြင်ဆင်ထားသည့် အပြောင်းအလဲများကြောင့် အဖိုးအခနှင့်ကော်မရှင်များ ပိုမိုနည်းပါးခဲ့ရသည်။

**လုပ်ငန်းပိုင်းဆောင်ရွက်မှု အသုံးစရိတ်များ -** လုပ်ငန်းပိုင်းဆိုင်ရာ အသုံးစရိတ်သည် ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်သတ် ၆ လတာ ကာလအတွင်း ၃% သာ ပိုမိုသုံးစွဲခဲ့သည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နေသည့်ကာလ အတွင်း လုပ်ငန်းပိုင်းအသုံးစရိတ်များ အနည်းငယ်သာ ပိုမိုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**လုပ်ငန်းအရွယ်အစား -** ဘဏ်အရွယ်အစားသည် ယခင်ကာလနှင့်နှိုင်းယှဉ်ပါက balance sheet အရ ၆% တိုးတက်ခဲ့ပါသည်။ မခွဲဝေရသေးသော အမြတ်တွင် သိသိသာသာ လျော့နည်းခဲ့ရခြင်းမှာ ယခင်ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုပေးရသောကြောင့် ဖြစ်သည်။ lending book တွင် ၅%၊ treasury investment များအနေနှင့် ၅% တိုးများခြင်းနှင့်အတူ balance sheet တစ်ခုလုံးအနေနှင့် ၆% တိုးခဲ့သည်။ စုစုပေါင်း အပ်ငွေများအနေနှင့် ၇% တိုးခဲ့သည်။ ပိုင်ဆိုင်မှု၊ ကိရိယာပစ္စည်း တိုးများလာခြင်းမှာ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဖြစ်ပါသည်။

**စည်းမျဉ်းသတ်မှတ်ချက်များအား လိုက်နာမှု**

မြန်မာနိုင်ငံသားများဘဏ်အနေနှင့် ဘဏ်တစ်ခု၏ တာဝန်ဝတ္တရားဖြစ်သော ပြည်သူတို့၏ငွေကြေးများကို လက်ခံ၍၊ ဆုံးရှုံးမှုမရှိ ထိရောက်စွာလည်ပတ်စေရန် ယုံကြည်စွာ တာဝန်အပ်နှံခံရသည်ကို အလုံးစုံ သိရှိ၊

နားလည်ထားပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ချေးငွေများ၊ ကြိုတင်ပေးငွေများ ဖန်တီးပေးခြင်းအားဖြင့် ယင်းငွေကြေးများ တိုးပွားစေရေးအတွက် မိမိတို့မှ ချင့်မျှော်တွေးဆ၍ လုပ်ကိုင် ဆောင်ရွက်သွားမည် ဖြစ်သည်။ ဘဏ်တစ်ဘဏ်အနေနှင့် customer များ၏ယုံကြည်မှု ရရှိခြင်းသည် ရေရှည် တည်မြဲသောလုပ်ငန်းဖြစ်ရေးတွင် အဓိကအချက်ဖြစ်ပြီး၊ ထိုသို့ ယုံကြည်မှုရရှိရန်အတွက် အဓိကအချက်မှာ ဗဟိုဘဏ်၏သတ်မှတ်ချက်များ၊ ဥပဒေများအတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်ဟု မိမိတို့ မှ ယူဆပါသည်။ သို့ဖြစ်ပါ၍ ဗဟိုဘဏ် (CBM) မှ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များ အား အပြည့်အဝ လိုက်နာဆောင်ရွက်ပါကြောင်း မိမိတို့ဘဏ်မှ ဂုဏ်ယူစွာ တင်ပြလိုပါသည်။

CBM ၏ အနည်းဆုံးသတ်မှတ်စံနှုန်းများအပေါ် မိမိတို့ဘဏ်မှ လုံလောက်သောနှုန်းထားများဖြင့် ထိန်းသိမ်း ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းသော၊ ငွေဖြစ်လွယ်သော၊ မတည်ရင်းနှီးမှု ခိုင်မာသော၊ အနာဂတ်တွင် တိုးတက်မှုဖြစ်ထွန်းသော ဘဏ်တစ်ဘဏ်အဖြစ် သရုပ်ထင်ရှားစေမည် ဖြစ်ပါသည်။

| **သတ်မှတ်အချိုးများ** | **သတ်မှတ်စံနှုန်းများ** | **၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ MCB ၏ အခြေအနေ** |
|---|---|---|
| Reserve Ratio | ၅% အထက် | ၆% (ကျပ်ငွေ)<br>၁၀% (နိုင်ငံခြားငွေ) |
| Liquidity Ratio | ၂၀% အထက် | ၃၃% |
| Capital Adequacy- Tier I | အနည်းဆုံး ၄% | ၁၂% |
| Capital Adequacy- Total | အနည်းဆုံး ၈% | ၁၄% |

# MANAGEMENT’S DISCUSSION AND ANALYSIS OF THE FINANCIAL CONDITION AND RESULTS OF OPERATIONS FOR SIX MONTH PERIOD ENDED 31 MARCH 2020

**MANAGEMENT DISCUSSION AND ANALYSIS (MD & A)**

The following Management's Discussion and Analysis of the Financial Position Condition and Results of Operations ("MD&A") of Myanmar Citizens Bank Limited plc (the "Company" or "MCB") should be read in conjunction with the financial statements for six months ended 31st March 2020. These financial statements were prepared in accordance with Myanmar Financial Reporting Standards (MFRS). All amounts in this MD&A are expressed in Myanmar Kyats.

**CORPORATE INFORMATION**

The Myanmar Citizens Bank Limited was incorporated as a public company limited by shares, as per Notifications No.21/91 of the Ministry of Commerce (Ministry of Trade) dated 30th September, 1991 and the Certificate of Incorporation No 274/91-92 dated 30th October, 1991. MCB is a licensed Commercial Bank of Myanmar. Authorized Capital of MCB is 75 Billion Kyats and its Paid-up Capital is 52 Billion Kyats and registered office at No. 256/260, Sule Pagoda Road, Kyauktada Township, Yangon.

**Myanmar Citizens Bank Public Co., Ltd**
**Summarized Statement of Profit or Loss**

**in Millions**

| **Details** | **For the six months Ended** | | **Increase/(Decrease)** | |
|---|---|---|---|---|
| | **31.3.2020 (Review Audited)** | **31.3.2019 (Review Audited)** | **Amount** | **%** |
| Interest Income | 23,111.08 | 17,922.55 | 5,188.53 | 29% |
| Interest Expense | (17,477.47) | (12,351.79) | (5,125.68) | 41% |
| **Net Interest Income** | **5,633.61** | **5,570.76** | **62.85** | **1%** |
| Other Income | 1,910.62 | 3,532.70 | (1,622.08) | -46% |
| **Total Revenue** | **7,544.23** | **9,103.46** | **(1,559.23)** | **-17%** |
| **Total Expense** | **(6,936.26)** | **(6,728.78)** | **(207.48)** | **3%** |
| **Profit before Income Tax** | **607.97** | **2,374.68** | **(1,766.71)** | **-74%** |

## Myanmar Citizens Bank Public Co., Ltd
## Summarized Statement of Financial Position

**in Millions**

| Assets | Balance Sheet as at | | Increase/ (Decrease) | |
|---|---|---|---|---|
| | 31.3.2020 (Review Audited) | 30.9.2019 (Audited) | Amount | % |
| Cash in Hand & Bank | 78,716.95 | 78,049.51 | 667.44 | 1% |
| Loans & Advances | 332,256.65 | 315,298.40 | 16,958.25 | 5% |
| Investment & T-Bond | 108,576.23 | 103,795.95 | 4,780.28 | 5% |
| Property & Equipment | 16,097.72 | 15,569.48 | 528.25 | 3% |
| Intangible Assets | 3,741.33 | 3,483.15 | 258.18 | 7% |
| Other Assets | 15,122.79 | 9,121.47 | 6,001.32 | 66% |
| **Total Assets** | **554,511.67** | **525,317.96** | **29,193.72** | **6%** |
| | | | | |
| **Liabilities** | | | | |
| Deposit from Customer | 463,585.64 | 434,045.33 | 29,540.31 | 7% |
| Other Liabilities | 19,835.74 | 15,452.36 | 4,383.38 | 28% |
| Borrowings | | 1,000.00 | (1,000) | -100% |
| **Total Liabilities** | **483,421.38** | **450,497.69** | **32,923.69** | **7%** |
| **Equity** | | | | |
| *Share Capital | 57,124.66 | 57,124.66 | - | 0% |
| Reserves | 13,137.00 | 13,015.41 | 121.59 | 1% |
| Retained earnings | 828.63 | 4,680.19 | (3,851.56) | -82% |
| **Total Equity** | **71,090.29** | **74,820.26** | **(3,729.97)** | **-5%** |
| **Total Liabilities & Equity** | **554,511.67** | **525,317.96** | **29,193.72** | **6%** |

*Amount includes share premium as no par value is required as per Myanmar Companies Law 2017

**Business Performance and Growth**

The bank continued on its growth momentum in the first half of the financial year even though the growth rate reduced in a very challenging and competitive environment including the early stages on the COVID outbreak in the country which impacted business growth. The bank had embarked on a transformation journey to become one of the leading banks in the country with investment in our people, products, processes, infrastructure and systems. This transformation brought in additional investments and expenditure which was unavoidable, but the initial results expected over the coming two years.

**Net Interest Margin -** Both interest income and interest expense increased significantly by 29% and 41% respectively in comparison to the corresponding period of the last financial year. With deposit growth outpacing the lending growth, the net interest income reduced due to the higher interest expenses and compressed the net interest margin. However, the growth in deposits was indicative of the increased customer trust and confidence in your bank which would bode well for the future growth in the bank. The deposit mix also had an effect on the interest expenses since major portion of the deposits where made up of higher interest bearing deposits of Savings and Term Deposits.

**Fees and Commission Income -** Other income decreased significantly in in the first six-month period ended by 46% compared to the previous year. While the slowing down of the lending growth rate had an impact on the fees and commissions, the change in the commission structure offered to clients to be more competitive along with the change in the recognition of upfront fees had contributed to the lower commissions and fees.

**Operating Expenses –** The Operating expense increased marginally by 3% in the in the six month period ended 31st March 20. During a period where the bank was engaged in an expansion drive it is noteworthy that there had only been a marginal increase in operating expenses.

**Business Size –** the size of bank increased by 6% in terms of balance sheet compared with the previous period. The significant reduction in the retained earnings was due to the dividend paid for the last financial year. The overall balance sheet grew by 6%, with the lending book grew by 5% and treasury investments increasing by 5%. The total deposits grew by 7%. The increase in property and equipment was due to the new branch openings.

**Regulatory Compliance**

At MCB, we are fully aware our responsibility as a bank, entrusted with the fiduciary duty of accepting and deploying public funds in a safe manner. We undertake to leverage such funds in a prudent manner by creating loans and advances which is essential for the development of the country. As a bank we consider earning the Trust of our customers a vital component for sustainable business and one key aspect with earning trust is to be a bank which is fully compliant with regulations and laws of the country. The bank is proud to state that we are in full compliance with the regulations and directives stipulated by Central Bank of Myanmar (CBM).

The bank was able to maintain sufficient buffers over the minimum standards stipulated by CBM, which demonstrates a bank which is profitable, liquid, solvent and sufficiently capitalized and have a leeway to grow in the future.

| Regulatory Ratio | Regulatory Standard | MCB as at 31st March 2020 |
|---|---|---|
| Reserve Ratio | Above 5% | 6%(MMK)<br>10%(FC) |
| Liquidity Ratio | Above 20% | 33% |
| Capital Adequacy- Tier I | Minimum 4% | 12% |
| Capital Adequacy- Total | Minimum 8% | 14% |